# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့။

စက်တင်ဘာလ (၁၄) ရက်၊ နံနက် (၉း၃၀)နာရီ ဝန်းကျင်ခန့်တွင် ဒီးမော့ဆိုမြို့နယ် ဒေါပိုးစီ ကျေးရွာနှင့် စံပြ(၆) မိုင်ကျေးရွာအကြား အကြမ်းဖက်စစ်ကောင်စီများနှင့် ကရင်နီတပ်မတော် (KA)၊ KNDF ပူးပေါင်းတပ်တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ အကြမ်းဖက် စစ်ကောင်စီတပ်များသည် အင်အား (၂၀၀) ခန့်ဖြင့် လွိုင်ကော်မြို့နယ် ပန်ကန်းဖက်မှ ဒီးမော့ဆိုမြို့နယ် စံပြ(၆)မိုင်ကျေးရွာ ဖက်သို့ ထိုးစစ်ဆင်လာခြင်းဖြစ်ပါသည်။

ထိုတိုက်ပွဲတွင် အကြမ်းဖက်စစ်ကောင်စီတပ်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကရင်နီ တပ်မတော်မှ တပ်ကြပ်ကြီးတစ်ဦး ကျဆုံးခဲ့ပါသည်။ ကျဆုံးသွားသော ကရင်နီတပ်မတော်မှ တပ်ကြပ်ကြီးကို တော်လှန်ရေး အာဇာနည်သူရဲကောင်းအဖြစ် KNDF မှ အသိအမှတ်ပြုပြီး အလေးပြု ပါသည်။ တော်လှန်ရေးတွင် အသက်စတေးရသော ရဲဘော်များ၊ ပြည်သူများ၏ပေးဆပ်မှုများကို အမြဲ အမှတ်ရပြီး KNDF မှ တော်လှန်ရေးအောင်မြင်သည်အထိ ဆက်လက် တိုက်ပွဲဝင်သွားမည်ဟု အဓိဋ္ဌာန် ပြုပါသည်။

ထို့အတူ စက်တင်ဘာလ (၁၆) ရက် မနေ့ည (၇) နာရီခန့်တွင် ဒေါပိုးစီနှင့် ပန်ကန်းကျေးရွာ အကြား တပ်အင်အားဖြည့်တင်းလာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော် (KA)၊ KNDF မှ ခုခံတိုက်ခဲ့သဖြင့် အကြမ်းဖက်စစ်ကောင်စီတပ်များမှ အနည်းဆုံး (၂) ဦးခန့် ကျဆုံးခဲ့ ပါသည်။ ဒီမော့ဆိုမြို့နယ် စံပြ (၆) မိုင်ကျေးရွာ အနီးဝိုက်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ကာ ခြေကုပ်ရယူရန်ကြိုးစားလျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈။